
Translator-Akkhara Team
နတ်ဆိုးများကို ဒူးထောက်စေသူ
စာစဉ် – ၁၁

# နတ်ဆိုးများကို ဒူးထောက်စေသူ
# အခန်း (၁၀၁)
# ဗဟိုစင်မြင့်ထက်သို့

*

ထိုအချိန်နှင့် တစ်ပြိုင်နက်တည်းတွင် လုချန်က သူ၏ ခန္ဓာကိုယ်အတွင်းသို့ အလင်းဓာတ်စွမ်းအင်များကို အဆက်မပြတ် စီးဆင်းစေနေသည်။ ထိုအရာက သူ၏ အငွေ့အသက်ကို ပိုမိုမြင့်မားစေပြီး မယုံနိုင်လောက်စရာကောင်းသော နယ်ပယ်တစ်ခုကို ဖန်တီးပေး

ထားသည်။ သူက ထိုသို့ တမင်သက်သက် လုပ်နေခြင်း ဖြစ်သည်။

သူက အလွန်ပင် ချောမောခန့်ညားကြောင်း သူကိုယ်တိုင် သိထားသော်လည်း ယနေ့တွင်မူ လူတိုင်း၏ စိတ်နှလုံးထဲ၌ ဖျောက်ဖျက်မရနိုင်သော ပုံရိပ်တစ်ခုကို အခိုင်အမာ ချန်ထားရစ်လိုသည်။ ဤကဲ့သို့သော လှည့်ကွက်ကလေးမှာ သူ့အတွက်တော့ ပြောပလောက်သည့် အရာမဟုတ်ပေ။

"ကျောက်စိမ်းလို အပြစ်ကင်းစင်ပြီး ပြိုင်ဘက်ကင်းတဲ့ လူသားတစ်ယောက်ပါလား... လုမိသားစုရဲ့ အမွေခံက တကယ်ကို..."

လုမိသားစုနှင့် နီးစပ်သော အမျိုးသမီးငယ်တစ်ဦးမှာ တစ်စုံတစ်ခု ပူးကပ်ခံထားရသကဲ့သို့ တိုးတိုးလေး ရေရွတ်နေမိသည်။ သူမ၏ အသံများမှာလည်း အနည်းငယ် တုန်ရင်နေသည်။ တစ်ချိန်တည်းမှာပင် လုချန်ကမူ သူ့ထံသို့ စုပြုံ

ကျရောက်နေသော မရေမတွက်နိုင်သည့် အကြည့်တို့ကို တည်ငြိမ်စွာပင် တုံ့ပြန်လိုက်သည်။ သူက အနည်းငယ်တော့ အံ့အားသင့်သွားမိသည်။ စိတ်ဝိညာဉ်နယ်ပယ်မှတစ်ဆင့် ယနေ့တွင် အစွမ်းထက်သော ဧည့်သည်တော်များစွာ ရောက်ရှိနေကြောင်း သူ သိထားသော်လည်း ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့လိုက်ရသည့်အခါ သူ၏ စိတ်ထဲတွင် မယုံနိုင်စရာ ခံစားချက်တစ်ခု ဖြစ်ပေါ်လာသည်။

လူသားလောက၏ အသန်မာဆုံး ပုဂ္ဂိုလ်အများစုမှာ ဤနေရာတွင် စုဝေးနေကြပြီး သူ၏ တက်လှမ်းမှုကို သက်သေထွက်ရန် စောင့်ဆိုင်းနေကြခြင်း မဟုတ်ပါလား။ သူ၏ တည်ငြိမ်သော မျက်နှာထားအောက်တွင်မူ မျှော်လင့်ချက်အရိပ်အယောင်အချို့ ဖြတ်ပြေးသွားသည်။ တစ်စုံတစ်ယောက်က သူ့ကို ဘယ်အချိန်မှာ လာ

စိန်ခေါ်မလဲဆိုသည်ကို သူ သိချင်နေမိသည်။

သို့မှသာ သူက ထိုသူတို့အား ပိုမို အံ့အားသင့်အောင် လုပ်နိုင်မည်ဖြစ်သည်။ တိုက်ခိုက်သည့်အခါတွင် သူသည် အလင်းဓာတ်စွမ်းအင်များကို ပိုမို ထုတ်ဖော်အသုံးပြုမည်ဖြစ်ပြီး လူတိုင်း၏ စိတ်ထဲတွင် စွဲထင်ကျန်ရစ်စေမည် ဖြစ်သည်။ ထိုအကြောင်းကို တွေးမိရင်း လုချန်၏ နှုတ်ခမ်းထောင့်တွင် အပြုံးစတစ်ခု မသိမသာ ပေါ်လာတော့သည်။

"အစ်ကို... ညှော်ခံပွဲ စနေပါပြီ"

တံခါးအပြင်ဘက်တွင် စောင့်နေသော လုကွာကွာက ရှေ့သို့ တိုးလာပြီး လှမ်းပြောလိုက်သည်။ သူကိုယ်တိုင်ပင် သတိမထားမိသော ရိုသေကိုင်းရှိုင်းမှုများ လုကွာကွာ၏ အသံတွင် ပါဝင်နေ၏။ လော့ချန်ဝေနှင့် အခြားသူများမှာမူ ညှော်ခံပွဲခန်းမသို့ ရောက်ရှိနှင့်နေကြပြီ

ဖြစ်သည်။

"ကောင်းပြီ… ခန်းမဆောင်ကြီးဆီ သွားကြတာပေါ့"

လုချန်က အနည်းငယ် ခေါင်းညိတ်ပြကာ တည်ငြိမ်စွာဖြင့် ရှေ့သို့ လှမ်းလာခဲ့သည်။ သူ၏ ပုံရိပ် တံခါးအပြင်ဘက်သို့ ပျောက်ကွယ်သွားသည့်တိုင်အောင် ကြည့်နေသူ အပေါင်းမှာ ဟာတာတာကြီး ကျန်ရစ်ခဲ့ကြသည်။ ထိုအခါမှသာ သူတို့၏ သတိစိတ်များမှာ ခန္ဓာကိုယ်ထဲသို့ ပြန်လည် ရောက်ရှိလာတော့သည်။

"လုမိသားစု အမွေခံက ဘယ်လောက်အထိ အစွမ်းထက်လဲဆိုတာ ငါမသိပေမဲ့… ရုပ်ရည်နဲ့ အငွေ့အသက်ပိုင်းမှာတော့ ငါတို့မျိုးဆက်ထဲမှာ သူ့ကို ယှဉ်နိုင်တဲ့သူ မရှိတာတော့ အမှန်ပဲ"

ချမ်းသာသော မိသားစုတစ်ခုမှ သမီးပျိုလေး တစ်ဦးမှာ စွဲလန်းနေသော မျက်နှာထားဖြင့် မိမိ

ကိုယ်ကို ရေရွတ်နေမိသည်။ သူမ၏ အကြည့်တို့က လုချန် ပျောက်ကွယ်သွားရာ လမ်းဆီသို့သာ စိုက်ကြည့်နေဆဲပင်။ ခန်းမဆောင်ကြီးအတွင်း၌မူ လုမိသားစု အမွေခံ ရောက်လာပြီဖြစ်ကြောင်း သတင်းများ ပျံ့နှံ့နေသည်။ ခဏအကြာတွင် ရွှေရောင်မုခ်ဦးတံခါးဆီမှ ညင်သာအေးချမ်းသော အသံတစ်ခု ထွက်ပေါ်လာသည်။

"ကျွန်တော့်ရဲ့ ညှော့ခံပွဲကို ကြွရောက်ပေးကြတဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်"

စကားသံအဆုံးတွင် နှင်းထက်ဖြူသော ထရင်ချ်ကုတ်ဝတ်စုံနှင့် တင့်တယ်သော ပုံရိပ်တစ်ခု ခန်းမအတွင်းသို့ လှမ်းဝင်လာသည်။ သူ၏ ပုံစံမှာ တိမ်တိုက်တွေကြားကနေ ဖြည်းဖြည်းချင်း ထွက်ပေါ်လာတဲ့၊ လူအပေါင်းကို အုပ်စိုးမယ့် နတ်ဘုရားတစ်ပါးအလားပင်။

ခန်းမအတွင်းရှိ စကားပြောသံများအားလုံးမှာ

ထိုခဏ၌ပင် ရုတ်ခြည်း ရပ်တန့်သွားကြသည်။ ရှိနေသူ အားလုံးက သူ့ထံသို့ လှည့်ကြည့်လိုက်ကြသည်။ သူတို့၏ မျက်ဝန်းများထဲတွင် အံ့အားသင့်မှု၊ တုန်လှုပ်မှု၊ စူးစမ်းလိုစိတ်နှင့် လေ့လာလိုစိတ်တို့ မရေမတွက်နိုင်သော ခံစားချက်များမှာ မုန်တိုင်းတစ်ခုကဲ့သို့ ရောယှက်နေကြသည်။

"ဒါဟာ လုမိသားစုရဲ့ အမွေခံ လုချန်ပဲ... တကယ့်ကို ချောမောခန့်ညားပြီး နတ်ဘုရားတစ်ပါးလိုပဲ..."

ပါရမီရှင် လူငယ်အချို့ကမူ သူတို့၏ အင်္ကျီလက်အောက်တွင် လက်သီးကို မသိမသာ ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ကြသည်။ သူတို့၏ စိတ်ထဲတွင် ယခင်က မခံစားဖူးသော မနာလိုမှုနှင့် ခါးသီးမှုတို့ကို ခံစားနေရသည်။ သို့သော်လည်း အမျိုးသမီးငယ်များမှာမူ ထိုသို့

မဟုတ်ပေ။ သူတို့အတွက်မူ အသက်ရှူကျပ်မတတ် ရင်ခုန်စိတ်လှုပ်ရှားစရာပင်။ လှော့နျှန်ဝေနှင့် လုလီနာတို့ကလည်း သူ့ကို ကြည့်နေကြသည်။ လုလီနာက လှော့နျှန်ဝေ၏ နားနားသို့ ကပ်ကာ နောက်ပြောင်သော အပြုံးဖြင့် ဆိုလိုက်သည်။

"မရီး... မရီးရဲ့ သတို့သားလောင်းကို မရီးက မေမေကြက်မကြီးလို သေသေချာချာ မစောင့်ရှောက်ထားရင်တော့ အားလုံးက ဝိုင်းလုသွားကြလိမ့်မယ်နော်"

လှော့နျှန်ဝေက နှာတစ်ချက်မှုတ်ရင်း ပြောလိုက်သည်။ "သူက ဘာလို့ ကိုယ်ရောင်ကိုယ်ဝါတွေ တောက်နေရတာလဲ။ အဲဒါ တမင်တကာ လူတွေ သတိထားမိအောင် လှည့်ကွက်တစ်ခု သုံးနေတာပဲ။ တကယ့်ကို အရှက်မရှိဘူး"

သူမ၏ စကားလုံးများမှာ ခါးသီးလှသော်လည်း

စိတ်ထဲတွင် ဘာတွေ တွေးနေသည်မှာမူ အခြား တစ်ကဏ္ဍပင်။ ယခုအချိန်တွင် သူမ၏ ရင်ထဲ၌ မနာလိုမှုများဖြင့် ဆူပွက်နေသည်။ မိမိကိုယ်ကို မည်မျှပင် သတိပေးနေပါစေ ထိုစိတ်ပျက်စရာ ကောင်းသော ခွေးသူတောင်းစားထံမှ သူမ၏ အကြည့်တို့ကို ခွာ၍မရနိုင်ပေ။

"ငါ အမြန်ဆုံး စစ်သည်တော်တစ်ယောက် ဖြစ်အောင် လုပ်ရမယ်… မဟုတ်ရင် သူ့ဘေးမှာ ရပ်ဖို့ ငါက ထိုက်တန်မှာ မဟုတ်ဘူး" လော့ချန်ဝေ က မိမိကိုယ်ကို တွေးလိုက်မိသည်။ ထိုပုံရိပ်ကို ကြည့်ရင်း သူမ၏ ရင်ခုန်သံများမှာလည်း မြန်ဆန်နေခဲ့သည်။

လုချန်က လော့ချန်ဝေ၊ လုလီနာနှင့် လော့ချန်ယင်းတို့ ရှိရာသို့ လျှောက်လာခဲ့သည်။ လော့ချန်ယင်းက သူ့ကို စူးစမ်းလိုစိတ်ဖြင့် ကြည့်နေသည်။ လုချန်၏ မျက်နှာတွင် အပြုံးတစ်ခု

ပေါ်လာပြီး အလွန်ပင် တည်ကြည်သော လေသံဖြင့် မေးလိုက်သည်။

"ဒီနေ့ ငါ့ပုံစံက ဘယ်လိုလဲ"

လော့ချွန်ဝေက ပြန်မဖြေဘဲ ပါးပြင်လေးများ ရဲတက်သွားသည်။ သူ အနားသို့ ကပ်လာတိုင်း သူမ၏ ရင်ခုန်သံများမှာ ထိန်းမနိုင်သိမ်းမရ ဖြစ်သွားတတ်သည် မဟုတ်ပါလား။ ဘေးရှိ လုလီနာနှင့် လော့ချွန်ယင်းတို့ကမူ တစ်ပြိုင်နက်တည်းပင် အသံကျယ်ကျယ်ဖြင့် ပြန်ဖြေလိုက်ကြသည်။ သူတို့၏ အသံများမှာ ကြည်လင်နေပြီး အားကျကိုးကွယ်မှုများ ပြည့်နှက်နေသည်။

"ချောတယ်... တကယ့်ကို ချောလွန်းတယ်"

"အစ်ကိုလုချန်... အစ်ကို့ပုံစံက ပုံပြင်ထဲက မင်းသားလေးတစ်ပါးအတိုင်းပဲ"

လုလီနာက ခေါင်းကို အားရပါးရ ငြိမ့်ပြနေသည်။ သူမက ရုပ်ရည်ဦးစားပေးအသင်း၏

ဥက္ကာဋ္ဌပင် ဖြစ်ရာ ယခုအချိန်တွင် သွားရည်ပင် ကျမတတ် ဖြစ်နေသည်။ သူမက အသက်ကို ခပ် ပြင်းပြင်းရှူရင်း "နတ်ပြည်က ဆင်းသက်လာတဲ့ မင်းသားလေးပေါ့" ဟု ထပ်လောင်း ပြောလိုက် သေးသည်။

လုချန်က ကျေနပ်စွာဖြင့် ခေါင်းညိတ်ပြလိုက် သည်။ လုလီနာကို သူ၏ ကိုယ်ရေးကိုယ်တာ လက်ထောက်အဖြစ် ခန့်ထားရန် စဉ်းစားသင့် သည်။ သူမတစ်ယောက်သာ သူ့အား ဤကဲ့သို့ ရဲရဲဝံ့ဝံ့ ချီးမွမ်းနိုင်သည် မဟုတ်ပါလား။

ထို့နောက် သူက ကမ္ဘာပေါ်တွင် အစွမ်းထက် ဆုံး ပုဂ္ဂိုလ်ကြီးများ စုဝေးနေသည့် လုဟုန် တောက် ရှိရာသို့ လျှောက်လှမ်းသွားခဲ့သည်။ သူ တို့၏ အကြည့်များမှာ လူသားမျိုးနွယ် မဟာမိတ် အဖွဲ့ ဒုတိယဥက္ကဋ္ဌ ရှောင်ဝမ်လုံထံတွင် ရပ်တန့် သွားကြတော့သည်။

***